**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန**

စာအမှတ်၊ ၅၂၅ /၃/ရွေးချယ်ရေး(လူတွေ့)/၂၀၂၂

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဇွန် လ ၂၀ ရက်

သို့

__________________________

__________________________

__________________________

အကြောင်းအရာ။ **စိတ်အခြေအနေနှင့်လူတွေ့စစ်ဆေးခြင်းဖြေဆိုရန်ကိစ္စ**

၁။ ကြော်ငြာစာအမှတ်(၂/၂၀၂၂)ပါ လစ်လပ်ရာထူး(၁၁၁၆)နေရာအတွက် ရွေးချယ်ရန် စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းကို **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်တွင်** အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ လာရောက်ဖြေဆိုရန် အကြောင်းကြားပါသည်-

(က) **စိတ်အခြေအနေစစ်ဆေးရန် သတင်းပို့ရမည့်ရက်၊အချိန်**

၂၀၂၂ ခုနှစ်၊ လ ( )ရက်

(၁)သတင်းပို့ရန် - နံနက် ၀၇ : ၀၀ နာရီ

(၂)စိတ်အအခြေအနေစစ်ဆေးခြင်းဖြေဆိုရန် - နံနက် ၀၉ : ၀၀ နာရီ

( ခ ) **လူတွေ့စစ်ဆေးမည့်ရက်၊အချိန်**

၂၀၂၂ ခုနှစ်၊ လ ( )ရက် - နံနက် ၀၉ : ၀၀ နာရီ

( ဂ ) **အထက်စာပိုဒ်-၁(က)ပါ သတင်းပို့ရမည့်နေ့ရက်တွင် အောက်ဖော်ပြပါ စာရွက်စာတမ်း(မူရင်း)နှင့်မိတ္တူ(၂)စုံစီကို မပျက်မကွက် ယူဆောင်လာရပါမည်-**

(၁)ဘွဲ့လက်မှတ် **မူရင်း** ( သို့မဟုတ် ) မော်ကွန်းထိန်းရုံးမှ ထုတ်ပေးသည့် ယင်းဘွဲ့ရကြောင်း ထောက်ခံချက် **မူရင်း ၊**

(၂) အသက်အထောက်အထားဖော်ပြသည့် အခြေခံပညာအထက်တန်း / တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ် **မူရင်း ( အသက်သတ်မှတ်ချက်ညီညွတ်ခြင်း ရှိ/ မရှိ စိစစ်ရာတွင် ဤအောင်လက်မှတ်သည် အဓိကအထောက်အထားဖြစ်ကြောင်း သတိပြုရန်ဖြစ်ပါသည်။ အမည်ကွဲလွဲမှုရှိလျှင် အမည်ပြောင်း အထောက် အထားကို တစ်ပါတည်း တင်ပြရပါမည်။)**

(၃) ဘွဲ့ရသည့်နှစ်တွင် အောင်မြင်သော ဘာသာရပ်နှင့် ရမှတ်စာရင်း **မူရင်း**၊

(၄) နိုင်ငံသားစိစစ်ရေးကတ်ပြား **မူရင်း**၊(မိတ္တူ(၁)စောင်ပါယူဆောင်လာရန်)၊

(၅) အလုပ်သမားမှတ်ပုံတင်(မိတ္တူ)၊

၂/သို့

(၆)မြန်မာနိုင်ငံရဲတပ်ဖွဲ့၊သက်ဆိုင်ရာမြို့နယ်ရဲစခန်းမှရာဇဝတ်ပြစ်မှုကျူးလွန်ဖူးခြင်းနှင့်ပြေး(၄)ပြေးစာရင်းတွင်ပါဝင်ခြင်းမရှိကြောင်းထောက်ခံစာ**မူရင်း [လျှောက်လွှာတင်သွင်းသည့် ရက်မှ(၆)လအတွင်းတောင်းခံခဲ့သည့်ထောက်ခံစာဖြစ်ရမည်။ ထောက်ခံစာတွင် ထောက်ခံသူ၏ အမည်၊ ရာထူး၊ ကိုယ်ပိုင်အမှတ်နှင့် ရဲစခန်းတံဆိပ်တို့ ပြည့်စုံစွာ ပါရှိရမည်။]**

(၇) ကျန်းမာကြောင်းဆေးလက်မှတ်**မူရင်း၊**

(၈)လျှောက်ထားသူ၏ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၁)ပုံ (ရှေ့တည့်တည့်မှရိုက်ထားပြီးနားရွက်နှစ်ဖက်မြင်စေရမည်။)

(၉)ပူးတွဲပုံစံတွင် အချက်အလက်များကို ပြည့်စုံစွာရေးသွင်းပြီး **မိတ္တူ ( ၁၁ )စောင်** ပြုစုတင်ပြရန်။

၂။ **ဝတ်စားဆင်ယင်မှု**

(က) **အမျိုးသားများရှပ်အင်္ကျီ(အဖြူ)ကော်လာလည်ကတုံး၊တိုက်ပုံအင်္ကျီ၊ပုဆိုး၊ညှပ်ဖိနပ် ဝတ်ဆင်လာပါရန်။**

(ခ) **အမျိုးသမီးများရင်ဖုံးအင်္ကျီလက်ရှည်(သို့မဟုတ်)လက်စက၊ထမီ၊သဲကြိုးဖိနပ် ဝတ်ဆင်လာပါရန်။**

၃။ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းခံယူရန်အတွက် ခုံအမှတ်မှာ( ) ဖြစ်ပါသည်။

၄။ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းခံယူရန်အတွက် လာရောက်ရသည့် ခရီးစရိတ်ကို ဤအဖွဲ့က ထုတ်ပေးမည်မဟုတ်ပါ။

၅။ **လျှောက်ထားစဉ်က အစိုးရဝန်ထမ်းမဟုတ်သော်လည်း လျှောက်ထားစဉ်ကာလအတွင်း အစိုးရဝန်ထမ်း ဖြစ်လာပါက ယခုရာထူးလျှောက်ထားခြင်းကို ကန့်ကွက်ရန်မရှိကြောင်း၊ မိမိလက်ရှိ တာဝန်ထမ်းဆောင်ရာ ဌာနမှတစ်ဆင့်ဝန်ကြီးဌာနသို့ အဆင့်ဆင့်တင်ပြပြီး ဝန်ကြီးဌာန၏ ခွင့်ပြုချက်ကို လူတွေ့စစ်ဆေးသောအခါ တင်ပြရမည် ဖြစ်ပါသည်။**

၆။ ယခင်ကအစိုးရဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့ပြီး နုတ်ထွက်ခဲ့သူဖြစ်ပါက ယင်းဌာနမှ နုတ်ထွက်ခွင့်ပြုသည့် ရုံးအမိန့်စာမူရင်းနှင့်မိတ္တူကို ယူဆောင်တင်ပြရန်နှင့် တင်ပြနိုင်ခြင်းမရှိပါက **လူတွေ့စစ်ဆေးခံယူခွင့်ပြုမည်မဟုတ်ကြောင်း** အသိပေးအပ်ပါသည်။

၁၀.၆.၂၀၂၂

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)

( စုစုအေး ၊ ညွှန်ကြားရေးမှူး )